# မြန်မာ့ထန်းလုပ်ငန်းဆိုင်ရာ ဝေါဟာရများလေ့လာချက် (မိတ္ထီလာခရိုင်)

**ဆန်းလွင်[*]၊ စိုးစိုးနိုင်[၁]၊ သင်းသီရိထွန်း[၂]**
[၁] မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်
[၂] မြန်မာစာဌာန၊ မုံရွာတက္ကသိုလ်

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မိတ္ထီလာနယ် ထန်းလုပ်ငန်းဆိုင်ရာ ဝေါဟာရများကို သုတေသနပြုထားသော စာတမ်းဖြစ်ပါသည်။ ပြုစုရာတွင် သုတေသနနည်းလမ်း၊ အလေ့လာခံ၊ လေ့လာမှုနယ်၊ လက်တွေ့ လေ့လာမှု၊ သုံးသပ်ချက် ဟူ၍ ခွဲခြားလေ့လာထားပါသည်။ လက်တွေ့လေ့လာမှု အပိုင်းတွင် ထန်းဖိုပြင်လုပ်ငန်းဆိုင်ရာ ဝေါဟာရများ၊ ညှပ်ထန်းလုပ်ငန်းဆိုင်ရာ ဝေါဟာရများ၊ ယောင်ထန်းပြင်လုပ်ငန်းဆိုင်ရာ ဝေါဟာရများ၊ ထန်းမလုပ်ငန်းဆိုင်ရာ ဝေါဟာရများ ဟူ၍ ၄ ပိုင်း ခွဲပြီး တင်ပြထားပါသည်။ ဤစာတမ်းသည် မြန်မာ့ထန်းလုပ်ငန်းနှင့် ထန်းလုပ်ငန်းဆိုင်ရာဝေါဟာရများကို လေ့လာသူတို့အတွက်လည်းကောင်း၊ လုပ်ငန်းသုံးဝေါဟာရအဘိဓာန် ပြုစုရာတွင်လည်းကောင်း အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

***သော့ချက်ဝေါဟာရများ - ထန်းလုပ်ငန်း၊ ဝေါဟာရ၊ ထန်းဖို၊ ညှပ်၊ ယောင်ထန်း၊ ထန်းမ***

## နိဒါန်း

မြန်မာ့ထန်းလုပ်ငန်းသည်ပုဂံခေတ်မတိုင်မီကပင် ရှေးမြန်မာကြီးများက အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်ခဲ့သော လုပ်ငန်းဖြစ်သည်။ ရှေးအခါက "သား တစ်ယောက်၊ ထန်းတစ်ဆယ်" ဟုပင် တင်စားရလောက်အောင်ထန်း ၁ဝ ပင်ရှိလျှင်မိသားစု စားဝတ်နေရေးအတွက် ဖူလုံသည်ဟုဆိုကြသည်။ ထန်းလုပ်ငန်းသည် မိသားစု ဝိုင်းဝန်းလုပ်ကိုင်ရသော စုပေါင်း လုပ်ငန်းတစ်ခု ဖြစ်သည်။ ရှေးအခါက ထန်းလုပ်ငန်းနှင့်စီးပွားဖြစ်လုပ်ကိုင်ခဲ့ကြသော်လည်းယခုအခါတွင် ထန်းလုပ်ငန်းလုပ်ကိုင်သူ နည်းပါးလာခဲ့သည်။ နောင်တစ်ချိန်တွင် ထန်းလုပ်ငန်းနှင့် အတူ ထန်းလုပ်ငန်းဆိုင်ရာ ဝေါဟာရများ မေ့မိန်ပျောက်ကွယ်သွားမည်ကို စိုးရိမ်မိပါသည်။ ထို့ကြောင့်ဤစာတမ်းကိုပြုစုမှတ်တမ်းတင်ရခြင်း ဖြစ်သည်။

## ၁။ သုတေသနအင်္ဂါရပ်များ

ဤစာတမ်းကို ပြုစုရာတွင် သုတေသနအင်္ဂါရပ်များ၊ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိစေရန်အတွက် သုတေသနဆိုင်ရာ အချက်အလက်များဖြစ်သော (က) စာပေလေ့လာ ဆန်းစစ်မှု၊ (ခ) စစ်တမ်းကောက်ယူခြင်း၊ (ဂ) သုတေသနမေးခွန်းနှင့် ပြဿနာ စသည့် စစ်တမ်းကောက်ယူ ရရှိမှုများကိုဖော်ပြထားသည်။

### (က) စာပေလေ့လာဆန်းစစ်မှု

မြန်မာထန်းလုပ်ငန်းနှင့် ပတ်သက်ပြီး ရေးသားထားကြသော စာအုပ်စာတမ်း အထောက်အထားများကို ရှာဖွေလေ့လာကြည့်ရာတွင်

[*] **ဆန်းလွင်၊က**ထိက၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

– နွေးထွေး၊ (ပုသိမ်ကြီး)။ (၂၀၁၈)။ *ဘဝထိုထို ထန်းရိပ်ညို* ၊ပထမအကြိမ်၊ စာပေဗိမာန်၊ ရန်ကုန်။
– မောင်လင်းသူ (ညောင်ဦး)။ (၁၉၈၉)။ *ထန်းနှင့် ထန်းလုပ်ငန်းဆိုင်ရာ သိကောင်းစရာ*။ ပထမ အကြိမ်၊ စာပေဗိမာန်၊ ရန်ကုန်။

ဟူ၍ အထောက်အထားအနည်းငယ်သာတွေ့ရသည်။ သုတေသနစာတမ်းဟူ၍ တစ်စောင်မျှ မတွေ့ရပေ။ ထို့ကြောင့် ဤစာတမ်းသည် အသစ်တွေ့ရှိမှု ဖြစ်သည်။

**(ခ) စစ်တမ်းကောက်ယူခြင်း**

စာတမ်းရှင်၏ မိဘများသည် ထန်းလုပ်ငန်းနှင့် အသက်မွေးခဲ့သူများဖြစ်ကြ၍ ထန်းလုပ်ငန်းနှင့် ထန်းလုပ်ငန်းဆိုင်ရာ ဝေါဟာရများကို သိရှိခဲ့ရခြင်းဖြစ်သည်။ ထို့ပြင် မိတ္ထီလာနယ်ရှိ အခြားသော ကျေးရွာမှ ထန်းလုပ်ငန်းလုပ်ကိုင်ကြသူတို့ကို မေးမြန်းခြင်း၊ ဆွေးနွေးခြင်း၊ ထန်းဓလေ့ဆိုင်ရာ စာအုပ်စာပေအထောက်အထားများ စုဆောင်းရှာဖွေခြင်း၊ အဘိဓာန်များနှင့် တိုက်ဆိုင်စစ်ဆေး ခြင်း စသည်ဖြင့် စစ်တမ်းကောက်ယူကာ သုတေသနပြုစုထားခြင်း ဖြစ်သည်။

**(ဂ) သုတေသနမေးခွန်းနှင့် ပြဿနာ**

- ထန်းလုပ်ငန်းဟူသည် အဘယ်နည်း။
- မိတ္ထီလာနယ်ရှိ ထန်းလုပ်ငန်းနှင့် မြန်မာနိုင်ငံအတွင်း အခြားမြို့နယ်များ၌ လုပ်ကိုင်သော ထန်းလုပ်ငန်း မည်သို့ကွာခြားသနည်း။
- ထန်းလုပ်ငန်းသည် မြန်မာ့စီးပွားရေးအတွက် မည်သို့ အကျိုးပြုသနည်း။
- အတ္တဗေဒ ရှုထောင့်မှ အဘယ်ကြောင့် လေ့လာရသနည်း။
- ရှေးအခါက ထန်းလုပ်ငန်းနှင့် စီးပွားဖြစ် လုပ်ကိုင်ခဲ့ကြသော်လည်း ယခုအခါတွင် ထန်းလုပ်ငန်း လုပ်ကိုင်သူ နည်းပါးကြောင်း၊ နောင်တစ်ချိန်တွင် ထန်းလုပ်ငန်းနှင့်အတူ ထန်းလုပ်ငန်းသုံး ဆိုင်ရာ ဝေါဟာရများ မေးမှိန်ပျောက်ကွယ်သွားနိုင်သည်ကို အဓိကပြဿနာအဖြစ် သတ်မှတ် ပါသည်။

## ၂။ အလေ့လာခံနှင့် လေ့လာမှုနယ်ပယ်

အလေ့လာခံအဖြစ် မိတ္ထီလာနယ်ရှိ ထန်းလုပ်ငန်းဆိုင်ရာ အချက်အလက်များကို သတ်မှတ်ပါသည်။

### ၂၊ ၁။ အလေ့လာခံ

မိတ္ထီလာမြို့နယ် တည်နေရာအကျယ်အဝန်းနှင့် လူဦးရေစာရင်း(၂၀၁၈ စစ်တမ်းအရ) အရှေ့ဘက်တွင် သာစည်၊ တောင်ဘက်တွင်ပျော်ဘွယ်၊ အနောက်ဘက်တွင် ကျောက်ပန်းတောင်းနှင့် မြောက်ဘက်တွင် ဝမ်းတွင်းတို့၏ အတွင်းမြောက်လတ္တီကျု ၂၀°.၄၀` နှင့် ၂၁°.၀၀` အကြားရှေ့လောင်ဂျီကျု ၉၅°.၃၀` နှင့် ၉၆°.၀၀` အကြား ကိုဩဒိနိတ် ၂၀° ၅၃`N ၉၅° ၅၃`E စစ်သုံးမြေပုံ အချပ်အမှတ် ၈၄ p ၉ ၉၄ p၁၀ ၈၄ p၁၃ ၈၄ p ၁၄ ပင်လယ်ရေ မျက်နှာပြင်အထက် ပေ၇၅၀'၊ အုပ်စုပေါင်း ၅၈ အုပ်စု၊ ရပ်ကွက်ပေါင်း ၁၄ ရပ်ကွက်၊ ကျေးရွာပေါင်း ၃၈၀ နှင့် ဖွဲ့စည်းထားသည်။ ကျေးရွာနေ လူဦးရေ ကျား ၁၃၂၂၇၀၊ မ ၁၅၃၀၉၀၊ ရပ်ကွက်နေလူဦးရေ ကျား ၄၂၆၂၈၊ မ ၅၀၉၈၁ ရှိရာ စုစုပေါင်းလူဦးရေ ၃၇၈၉၆၉ ရှိသည်။ ထန်းလုပ်ကိုင်ခဲ့သော ကျေးရွာပေါင်း၏ ၂၀% ခန့် လုပ်ကိုင်ခဲ့ကြသော်လည်း ယခုအခါ ၅% ပင် လုပ်ကိုင်ခြင်း မရှိတော့ပေ။

## ၂၊ ၂။ လေ့လာမှုနယ်ပယ်

### ၂၊ ၂၊ ၁။ မြန်မာ့ထန်း

ထန်းပင်သည် မိုးရေချိန် ၂၀ လက်မနှင့် ၄၀ လက်မကြားရှိသော ပူပြင်းခြောက်သွေ့သော ရာသီဥတုကို နှစ်သက်သည်။ ထန်းပင်ကို မြန်မာနိုင်ငံအနှံ့အပြား၌ တွေ့ရသော်လည်း အထူးသဖြင့် ပူပြင်းခြောက်သွေ့သော မြန်မာနိုင်ငံအလယ်ပိုင်းတွင် ပိုမိုဖြစ်ထွန်းသည်ကို တွေ့ရသည်။

ထန်းပင်၏အဓိပ္ပာယ်ကို မြန်မာအဘိဓာန်တွင် "အကိုင်းမထွက်သောအပင်မျိုးဝင် ပင်စည်မတ်စောက် လုံးချော၍ အဖျားတွင်သာ ယပ်ဝန်းပုံ အရွက်ထွက်သော အပင်ကြီးတစ်မျိုး" (စာ- ၁၆၅) ဟု ဖွင့်ဆိုထားသည်။ ထန်းပင်ကို ရုက္ခဗေဒအမည်အရ ပါလမေစီအေ (Palmaceae) သို့မဟုတ် ပါမီ (Palmy) ဟူသော မျိုးရင်းတွင်ပါဝင်သည်ဟု "ထန်းနှင့် ထန်းလုပ်ငန်းဆိုင်ရာ သိကောင်းစရာ" (စာ-၁၃) စာအုပ်တွင် ဖော်ပြထား တွေ့ရသည်။

ထန်းပင်ကို ဗမာတို့က 'ထန်း' ဟုခေါ်ပြီး မွန်တို့က 'တာ' ဟုခေါ်ကြသည်။ ထို 'ထန်း' နှင့် 'တာ' တို့သည် ပါဠိဘာသာ 'တာလ' မှ ဆင်းသက်လာခြင်းဖြစ်သည်။ ထို့ကြောင့် ထန်းခူးသောလကို 'တာခူးလ' ဟု ခေါ်ဆိုကြလာမှတစ်ဆင့် 'တန်ခူးလ' ဟူ၍ ဖြစ်လာသည်။

ထန်းသည် အလေ့ကျပေါက်ရန် ခဲယဉ်းသောအပင်မျိုးဖြစ်သည်။ ထန်းသီးမှည့်ပေါ်ချိန် မှသာ ထန်းသီးမှည့်ကို ခွဲစိတ်ကာ နေလှန်းပြီးမှ သေချာကျနစွာ စိုက်ပျိုးရသည်။ ထန်းဖိုမျိုးစေ့နှင့် ထန်းမမျိုးစေ့ဟူ၍ သီးခြားမရှိပေ။ ထန်းသီးတွင် ထန်းဆံ (ထန်းစေ့) ၁စေ့မှ ၄စေ့ ၅စေ့အထိ ပါဝင်သည်။ ခွဲစိတ်၍နေလှန်းထားသော ထန်းစေ့ကို အမှောက်စိုက်လျှင် ထန်းဖိုဖြစ်နိုင်သည်။ အလှန်စိုက်ပါက ထန်းမဖြစ်နိုင်သည်ဟု ယူဆကာစိုက်ကြသည်။ တိကျသေချာသော သုတေသန လုပ်ထားခြင်းမရှိပေ။

ထန်းပင်၏သက်တမ်း ၁၀နှစ်ကျော်မှ ထန်းစ စတင်ထွက်နိုင်သည်။ ထိုထန်းစကိုကြည့်၍ ထန်းဖို၊ ထန်းမခွဲခြားနိုင်သည်။ လက်ချောင်းသဏ္ဌာန်ထန်းစထွက်လျှင် ထန်းဖိုပင်၊ ထန်းသီး သီးလျှင် ထန်းမပင်ဟု ခွဲခြားနိုင်သည်။ သို့သော် ထန်းသမားကြီးများကမူ ထန်းပင်ပေါက်၏ အရွက်ကို ကြည့်၍လည်းကောင်း၊ ပင်စည်ကို ကြည့်၍လည်းကောင်း အတွေ့အကြုံအရ ထန်းဖို၊ ထန်းမ ခွဲခြားနိုင်ကြသည်။ ထန်းရွက် အနည်းငယ်ဝိုင်းလျှင် ထန်းမဖြစ်ပြီး ထန်းရွက် အနည်းငယ် ချွန်လျှင် ထန်းဖိုပင်ဖြစ်သည်ဟု ခွဲခြားနိုင်ကြသည်။ ထို့ပြင် ထန်းပင်ပေါက် အရွယ် ထန်းစ မထွက်မီ ၉နှစ်သား ၁၀ နှစ်သား အရွယ် ထန်းပင်၏ ပင်စည်ကိုကြည့်၍ ပင်စည်ရစ်ကျဲလျှင် ထန်းဖို၊ ရစ်စိတ်လျှင် ထန်းမ ဟု ထန်းဖို၊ ထန်းမခွဲခြား နိုင်သည်။

ထန်းပင်၏ သက်တမ်းမှ နှစ်ပေါင်း ၁၅၀ မှ ၂၀၀ အထိ ရှည်ကြာနိုင်သည်။ သက်တမ်း ရင့်လေ ထန်းပင်၏ အကာသား မာလေဖြစ်သည်။ သက်တမ်းရင့်လျှင် သော်လည်းကောင်း၊ မြင့်လွန်းလျှင် သော်လည်းကောင်း ထန်းတက်ခြင်းမပြုတော့ပေ။ ထန်းပင်များကို ထန်းစ စထွက်သောနှစ်တွင် တက်လေ့မရှိကြ။ ထန်းဖို၊ ထန်းမကွဲပြားပြီးနောက် တစ်နှစ်မှသာ တက်လေ့ ရှိကြသည်။ ထန်းပင်၏ အရွယ်ကို မြန်မာ အဘိဓာန်တွင် "ကျေးမြီး၊ လက်မြော်၊ ဆင်ခြေပေါ်၊ သမီးလှ၊ ရည်ရ၊ ပင်ထွက်" (စာ-၁၆၅) ဟူ၍ ခွဲခြားနိုင်ကြောင်း ဖွင့်ဆိုပြထားသည်။ မိတ္ထီလာနယ် ထန်းလုပ်ငန်းတွင် "ထန်းဖို၊ ညှပ်၊ ယောင်၊ ထန်းမ၊

အတည်" ဟူ၍ ထန်းတက်သည့် လုပ်ငန်း အမျိုးအစားနှင့် အချိန်ကာလကိုလိုက်၍ ခေါ်ဝေါ်ကြသော အသုံးအနှုန်းများကို တွေ့ရသည်။

## ၃။ သုတေသနနည်းနာ

သုတေသနနည်းနာအဖြစ် အတ္ထဗေဒရှုထောင့်ကို ရွေးချယ်ပါသည်။ အတ္ထဗေဒ ဆိုသည်မှာ အနက်အဓိပ္ပာယ်ကို လေ့လာသော ပညာရပ်ဖြစ်သည်။ အနက်အဓိပ္ပာယ် (meaning) ဟူသော စကားလုံးသည် မြန်မာဝေါဟာရ 'အနက်' နှင့် ပါဠိသက် ဝေါဟာရ 'အဓိပ္ပာယ်' ဟူသော ဝေါဟာရ နှစ်ခုလုံးကို တွဲသုံးထားခြင်းဖြစ်ပါသည်။ မြန်မာဝေါဟာရ 'အနက်' ကို မြန်မာအဘိဓာန်တွင် "မူရင်းအဓိပ္ပာယ်" (၁၉၉၁၊ စာ - ၄၀၉) ဟူ၍ လည်းကောင်း၊ 'အဓိပ္ပာယ်' ကို "ဆိုလိုရင်းသဘော" (၁၉၉၁၊ စာ - ၄၀၇) ဟူ၍ လည်းကောင်း ဖွင့်ဆိုထားသည်။ ထို့ပြင် ပါဠိသက်ဝေါဟာရ အဘိဓာန် တွင် "စကားဝါကျတို့၏ ဆိုလိုသောအနက်" (စာ - ၃၈၈) ဟုလည်း ဖွင့်ဆိုထားပါသည်။ အတ္ထဗေဒ နိဒါန်းတွင်မူ 'အနက်' ဟု ဆိုလျှင် 'မူရင်းအနက်' ကို ဖော်ပြခြင်း ဖြစ်ပြီး 'အဓိပ္ပာယ်' ဟု ဆိုလျှင် 'ဆိုလိုသည့်အနက်' ကို ဖော်ပြသည်။ အနက်အဓိပ္ပာယ်ဟု ဆိုလျှင်မူ ယေဘုယျ သဘောကို ဖော်ပြခြင်းဖြစ်သည်ဟု ခွဲခြား ဖော်ပြထားပါသည်။

ဂရိဒဿနပညာရှင် ပလေတို (Plato) လက်ထက်ကတည်းကပင် ဘာသာစကား လေ့လာမှုနှင့် အတူ အနက်အဓိပ္ပာယ်လေ့လာမှုများလည်း ရှိပြီးဖြစ်ကြောင်း သိရသည်။ ထိုသို့ ရှိခဲ့သော်လည်း သိပ္ပံနည်းကျ အဆင့်အထိ မရောက်ခဲ့ပေ။ အဆိုပါ သိပ္ပံနည်းမကျသော အနက်အဓိပ္ပာယ် လေ့လာမှု ပညာရပ်အဟောင်းကို အခြေခံ၍ သိပ္ပံနည်းကျသော အနက်အဓိပ္ပာယ် လေ့လာမှုအသစ်သည် ၁၉ ရာစုကုန်ပိုင်း၌ စတင်ပေါ်ပေါက်ခဲ့သည်။ အဓိပ္ပာယ်လေ့လာမှု ပညာရပ် တိုးတက်ပြောင်းလဲ လာသကဲ့သို့ အခေါ်အဝေါ်ကိုလည်း အတ္ထဗေဒ (semantics) ဟူသော ဝေါဟာရအသစ်ဖြင့် တီထွင် သုံးစွဲလာခဲ့သည်။ မောင်ခင်မင် (ဓနုဖြူ)၏ အတ္ထဗေဒနိဒါန်း စာအုပ်တွင် "အတ္ထဗေဒသည် အနက် အဓိပ္ပာယ် ကို လေ့လာသော ဘာသာရပ်ဖြစ်သည်။ ထို့ထက် ပို၍ မြင်သာအောင် ဖွင့်ဆိုရမည် ဆိုလျှင် အတ္ထဗေဒသည် ဘာသာစကား၏ အစိတ်အပိုင်းများ ဖြစ်သော ရုပ်ရင်း၊ စကားလုံး၊ ပုဒ်၊ ဝါကျကဏ္ဍ၊ ဝါကျတို့၏ အနက်အဓိပ္ပာယ်ကို လေ့လာသော ဘာသာရပ် ဖြစ်သည်ဟူ၍ ဖွင့်ဆိုနိုင်သည်။" (၂၀၁၆၊ စာ - ၁၅) ဟူ၍ ထောက်ပြထားသည်။

ထို့ကြောင့် အတ္ထဗေဒအရလေ့လာမည် ဆိုပါက ဘာသာစကား၏ အစိတ်အပိုင်းများ ဖြစ်သော "ရုပ်ရင်း၊ စကားလုံး၊ ပုဒ်၊ ဝါကျခွဲ၊ ဝါကျ" တို့၏ အဓိပ္ပာယ်ကို မူလအနက်မှ ကျော်လွန်၍ အဆက်အစပ် များဖြင့် ဖော်ထုတ်ပေးရပါသည်။ မိတ္ထီလာမြို့နယ်ထန်းလုပ်ငန်းရှိ ဝေါဟာရများကို လေ့လာရာတွင် အမာခံအနက်ရှိသောဝေါဟာရ များအပြင် တင်စားမှုအနက် ရှိသော ဝေါဟာရများပါ ရှိနေသောကြောင့် အတ္ထဗေဒရှုထောင့်မှ လေ့လာခြင်းကို ရွေးချယ်ခဲ့ခြင်း ဖြစ်ပါသည်။

### ၃၊ ၁။ အနက်အဓိပ္ပာယ်လေ့လာမှု အမျိုးမျိုး

လူသားအချင်းချင်း ဆက်သွယ်ရာတွင် ဘာသာစကားသည် အဓိကကျလှပေသည်။ ထိုဘာသာစကား နှင့်အတူ အနက်အဓိပ္ပာယ်သည်လည်း တစ်ပါတည်း ကပ်ပါလာမြဲ ဖြစ်ပေသည်။ မြန်မာဘာသာ စကား တွင် စကားလုံးများက ရည်ညွှန်းသော အနက်အဓိပ္ပာယ်များကို အတ္ထဗေဒ ရှုထောင့်မှ လေ့လာပါက

(၁) အမာခံအနက် (core meaning)

(၂) ဥပစာအနက် (figurative meaning)

(၃) ဂယက်အနက် (associative meaning/connotative meaning)

ဟူ၍ ၃ မျိုးရှိကြောင်း တွေ့ရပါသည်။

အမာခံအနက်သည် တည်ငြိမ်မှုရှိပြီး ၎င်းမှတစ်ဆင့် ဥပစာအနက်များ၊ ဂယက်အနက်များ ပွားများ လာခြင်းဖြစ်ပါသည်။ ဂယက်အနက်များတွင် ဂုဏ်ရည်ပြအနက် (connotative meaning)၊ ခံစားမှုပြအနက် (effective meaning)၊ လူမှုအခြေအနေပြအနက် (stylistic meaning)၊ ဒွန်တွဲအနက် (collocative) နှင့် နှစ်ဖက်သွားအနက် (reflected) တို့ ပါဝင်ပါသည်။ မြန်မာဘာသာစကားရှိ စကားလုံး များတွင်တွေ့ရသော အဆိုပါ အနက်အဓိပ္ပာယ်အသွယ်သွယ်ကို ခွဲခြားပေးသည့် အရာမှာ အဆက်အစပ် (context) ပင် ဖြစ်ပါသည်။

အဆက်အစပ်သည် စကားလုံးများ၏ အမာခံအနက်ကို ဥပစာအနက်သော်လည်းကောင်း၊ ဂယက်အနက်သော်လည်းကောင်း ထင်အောင်ပြုလုပ်ပေးသည်။ တစ်နည်းအားဖြင့် အသုံးပြုထား သော စကားလုံး၏အဓိပ္ပာယ်ကို အဆက်အစပ်ဖြင့် တိကျစွာ ဖော်ထုတ်ခွဲခြားနိုင်ပါသည်။

## ၄။ ချည်းကပ်လေ့လာခြင်း

ထန်းပင်၏ အရွယ်နှင့် ပတ်သက်ပြီး မာဃဒေဝ ဆုံးမစာတွင် "ကျေးမြီး၊ လက်မြော်၊ ဆင်ခြေပေါ်၊ သမီးလှ၊ ရည်ရ" (၁၉၀၈၊ မဃ*၄၂၂)ဟူ၍ ဖွင့်ဆိုထားသည်။ ထို့ပြင် မြန်မာအဘိဓာန်အကျဉ်းချုပ် ၅ တွဲတွင် "ကျေးမြီး၊ လက်မြော်၊ ဆင်ခြေပေါ်၊ သမီးလှ၊ ရည်ရ၊ ပင်ထွက်" ဟူ၍ ၆ မျိုး ဖွင့်ဆိုထားကြောင်း တွေ့ရပါသည်။







၁။ ကျေးမြီး၊ လက်မြော်၊ ဆင်ခြေပေါ်

၂။ သမီးလှ၊ ရေရ

၃။ ပင်ထွက်

၁။ (၁/၃၀) ၂။ (၂/၃၀) ၃။ (၃/၃၀)

**ကျေးမြီး - န -** ကြက်တူရွေး၏ အမြီးပုံဖြစ်သော အရွက်ထွက်ပေါ်စ ထန်းပင်ငယ်။ (၁၉၇၈၊ တွဲ-၁၊ စာ - ၃၈)၊ **လက်မျှော် - န -** ထန်းလက်ထွက်စ ထန်းပင်ငယ်။ (၁၉၈၀၊ တွဲ-၄၊ စာ-၁၀၀)၊ **ဆင်ခြေပေါ် - န -** ပင်စည်ပေါ်ခါစ ထန်းပင်ငယ်။ (၁၉၇၉၊ တွဲ-၂၊ စာ-၁၉)၊ **သမီးလှ - န -** ထန်းပင် ပင်လုံးကို ထန်းဖပ်များ ရုံပတ်လျက်ရှိသေးသည့် အရွယ်။(၁၉၈၀၊ တွဲ- ၄၊ စာ-၁၇၉)၊ **ရည်ရ - န -** ထန်းရည်ခံယူရရှိနိုင်ခါစ အရွယ်ရှိထန်းပင်။ (၁၉၈၀၊ တွဲ-၄၊ စာ-၃၄)၊ **ပင်ထွက် -န-** ထန်းပင်ငယ်။ (၁၉၈၀၊ တွဲ-၃၊ စာ-၃၀) ဟူ၍ လည်းကောင်း လေ့လာတွေ့ ရှိရသည်။

## ၄၊ ၁။ ထန်းဖိုနှင့်ညှပ်ပြင်ဆင်လုပ်ကိုင်ပုံ

ထန်းဖိုပင်သည် အသီးမသီးသော လက်ချောင်းကဲ့သို့ ထန်းစများထွက်သော ထန်းပင်မျိုးဖြစ်သည်။ ထန်းဖိုပင်ကို ထန်းဖိုနှင့်ညှပ်ဟူ၍ နှစ်မျိုး နှစ်ရာသီခွဲ၍ တက်နိုင်သည်။

### ၄၊ ၁၊ ၁။ ထန်းဖိုပြင်ဆင်လုပ်ကိုင်ပုံ

ထန်းသမားတို့သည် 'ထန်းဆော်လေ' တိုက်သော ပြာသိုလ၊ တပို့တွဲလများကို မျှော်လင့်နေကြ သည်။ ပြာသိုလ၊ တပို့တွဲလများတွင် ထန်းဆော်လေ (ထန်းဖို ထန်းနို့နုများ ထွက်ချိန်ဖြစ်သည့် တပို့တွဲလမှာ တိုက်ခတ်သောလေ) ကြောင့် ထန်းစနုနုကလေးများ စတင်ထွက်ပြူ၍ လာသည်။ ထိုထန်းစ နုနုလေးများ 'ကျီးမြီးခွး' ပြီဆိုလျှင် ထန်းစတင်ပြင်ကြလေသည်။ 'ထန်းဖို' ပြင်ခြင်း သည် ကျီးမြီးခွချိန်မှ 'တောက်တဲ့ခေါင်း' ထွက်ချိန်အထိသာဖြစ်သည်။

ထန်းဖိုပြင်ရာတွင် မလိုအပ်သော ထန်းလက်ထန်းစ 'ထန်းစစ်ဖတ်'များကို ကုန်စင်အောင် ခုတ်ထစ်ပြီး လိုအပ်သလိုပြုပြင်ကာ သန့်ရှင်းအောင်ပြုလုပ်ကြသည်။ ထန်းဖိုကို တပို့တွဲလတွင် ဖြိုင်ဖြိုင်တက်၍ ရနိုင်ပြီဖြစ်သည်။ မိုးလေဝသအပြောင်းအလဲကြောင့် အနည်းငယ်စောခြင်း နောက်ကျခြင်းများကို ရံဖန်ရံခါကြုံရတတ်သည်။

ထန်းသမားတို့သည် ထန်းဖိုတစ်ပင်နှစ်ပင် ထွက်သည်နှင့်တစ်ပြိုင်နက် 'ရင်းထောင်'၊ 'ရင်းဆွဲ' တို့ကို ကြိုတင်ပြင်ဆင်ကြရသည်။ 'ရင်းထောင်၊ ရင်းဆွဲ' တို့အတွက် မျှင်ဝါးရှည်ရှည် တို့ကို ရွေးချယ်၍ ဝယ်ယူကာ မီးဖုတ်ပြီး ဖြောင့်သည်ထက်ဖြောင့်ရန် ပြုလုပ်ကြသည်။ ထန်းပင် အမြင့်ကိုလိုက်၍ ရင်းထောင်၊ ရင်းဆွဲတို့ကို ပြုလုပ်ကြသည်။

ထန်းဖိုပြင်ရာတွင် ထန်းသမားသည် 'ထန်းကိုင်ဓား၊ ကလိုင်၊ ရင်းဆွဲကြိုး၊ ဓားစူး(ဓားပွင့်)' တို့ကို ထန်းပင်ပေါ်သို့ တစ်ပါတည်းယူဆောင်သွားကာ ရင်းထောင်ထောင်၍ တက်လေသည်။ ထန်းပင်အုံ ပေါ်သို့ ရောက်လျှင် မလိုအပ်သော ထန်းရွက်ခြောက်၊ ထန်းလက်ခြောက်၊ 'ထန်းစ' ခြောက်၊ 'ထန်းစစ်ဖတ်' ခြောက်များကို ခြေနှင့်ဦးစွာနင်းချရသည်။ ထိုသို့ နင်းချခြင်းကို 'နင်းလက်ချခြင်း (ထန်းလက်ချခြင်း)' ဟုခေါ်သည်။

ထန်းပင်၏ ထိပ်ဖျား ထန်းလက်များအကြား ပင်စည်မှထွက်လာသည့် 'ထန်းခိုင်ချောင်း' အနုလေးများကို ကလိုင်ပေါ်ထိုင်၍ 'ရစ်' နိုင်ရန်အတွက် ၎င်းထန်းစလေးများပေါ်လာသည်နှင့် ထိုထန်းစလေးများအောက်တွင်ရှိနေသည့် မလိုအပ်သော ထန်းလက်အဆွေး အဟောင်းများ၊ 'ထန်းပတ်အုံ' များကို 'ထန်းကိုင်ဓား' နှင့် ခုတ်ချရှင်းလင်းပြီး သန့်ရှင်းရေး ပြုလုပ်ပေးရသည်။ ရှင်းလင်းပြီးသည်နှင့် အပေါ်တွင် ကျန်နေသည့် ထန်းလက်များကို ထန်းပတ်အုံချန်၍ ပတ်ပတ်လည် ခုတ်ချရပြန်သည်။ ထို့နောက် အလက်ခုတ်ချထားသော ထန်းပတ်အုံများကို ခြေထောက်ဖြင့် နင်းချရသည်။ ထိုသို့ ပြုလုပ်ရခြင်းမှာ ကလိုင်ကို မြဲမြံစွာ ထိုးထားနိုင်ရန်အတွက် လည်းကောင်း၊ ပိုးမွှားများ သန့်ရှင်းပြီး ထန်းထွက်ကောင်းရန်အတွက်လည်းကောင်း ရည်ရွယ် လုပ်ကိုင်ခြင်းဖြစ်သည်။

ထိုသို့ နင်းချထားသော ထန်းပတ်အုံ၏ ပတ်ခွအရင်းကြားတွင် 'ကလိုင်တုတ်' ကို ကန့်လန့်ထိုး သွင်းကာ မြဲမြံစွာထိုင်ပြီး 'ထန်းရစ်ခြင်း' လုပ်ငန်းကို လုပ်ကိုင်ရသည်။ အချို့က ကလိုင်တုတ်ကို တစ်ချောင်းတည်း အသုံးပြုသော်လည်း အချို့မှာ နှစ်ချောင်းအသုံးပြုကြသည်။ ကလိုင်တုတ်သည်

ထန်းသမား၏ အသက်ဖြစ်သည်။ ကလိုင်တုတ် ကျိုးပါက ထန်းသမားလည်း အသက်ဆုံးရှုံးနိုင်သည်။ ထို့ကြောင့် ကလိုင်တုတ်ပြုလုပ်ရန် ဝါးကိုသေချာရွေးချယ်ရသည်။ ရင့်ပြီးအဆစ်စိတ်သော၊ အနာမပါသော၊ ဖြောင့်သော ဝါး၏ အရင်းပိုင်းကိုသာ ပြုလုပ်ကြသည်။ ထိုသို့ ခိုင်ခန့်မှသာလျှင် စိတ်ချလက်ချ ထန်းရစ် နိုင်မည် ဖြစ်သည်။

'ထန်းရစ်ခြင်း' ဆိုသည်မှာ ထန်းသမားသည် ကလိုင်ပေါ်တွင် ထိုင်လျက် ထန်းခိုင်ချောင်းလေးများပေါ်လာစေရန် အပေါ်ခွံများကို တစ်လွှာချင်းလိုသလို ခွာချပေးရသည်။ ခွားသည့် အခါတွင် အခွံများကို ကုန်စင်အောင်မခွာဘဲ 'ပလ္လင်ခံ' ၍ ချန်ထားခဲ့ရသည်။ ထိုသို့ ပလ္လင်ခံ၍ အခွံချန်မထားခဲ့ပါက ၎င်းထန်း စသည် လေဒဏ်မိုးဒဏ်ခံရနိုင်သောကြောင့် ထန်းစများ ခြောက်သွေ့ပြီး ထန်းရည်မထွက်နိုင်တော့ပေ။ ထွက်ခဲ့လျှင်သော်လည်း ထန်းရည်အရနည်း တတ်သည်။ အပေါ်ခွံများ ခွာလိုက်သည့်အခါ ထန်းခိုင်ချောင်းအနုလေးများသည် ကြက်တူရွေး အမြီး ထောင်နေသည့်သဏ္ဍာန်နှင့် လက်အစုံလက်အုပ်ချီ နေသည့်ပုံသဏ္ဍာန် ထန်းခိုင်ချောင်း အနုလေးများ ပေါ်လာမည်ဖြစ်သည်။

ထန်းဖိုပြင်ရာတွင် သတိထားရမည့်အချက်ကို မောင်လင်းသူ (ညောင်ဦး) က "ထန်းဖိုနု အပျိုထက်ယု" (၁၉၈၉၊ စာ-၅၈) ဟု ထန်းနှင့် ထန်းလုပ်ငန်းဆိုင်ရာ သိကောင်းစရာ စာအုပ်တွင် ဆိုထားသကဲ့သို့ ယုယရသည်။ ထန်းဖိုထန်းစသည် နုသဖြင့် အဆင်မသင့်လျှင် အခြေက ကျိုးသွားတတ်ပါသည်။ ထို့ကြောင့် စိတ်ရှည်ရသည်။ ထန်းဖိုကို နှစ်မျိုးနှစ်စားပြင်နိုင်သည်။ ထန်းစမှ အကြမ်းဖတ် အခွံများကိုနွှာပြီး အတွင်းမှလက်ချောင်းနုနုကလေးများကို ထန်းဖူးနှီးနှင့် စနစ်တကျ စည်းကာ ပြင်နိုင်သည်။ ဤသည်ကို 'ထန်းဖိုနှီးတုပ်'ဟုခေါ်သည်။

ပြုပြင်ပြီးနောက် အောက်သို့ ကျိုးမကျစေရန် အထက်ရှိ ပတ်ခွအရင်းနှင့် တွဲဆိုင်းထား လေ့ရှိသည်။ အခြားနည်း တစ်ခုမှာ အကြမ်းဖတ်များကို လိုအပ်သလောက်သာ ခွာပြီး ထန်းလှီးသည့် အခါမှသာ ဓားစူး(ဓားပွင့်)နှင့် အကြမ်းဖတ် ကိုရစ်ဖယ်ကာ လှီးရသောပြင်နည်းဖြစ်သည်။ ဤနည်းကို 'သိုးပြင်နည်း' ဟုခေါ်သည်။ သိုးပြင်နည်းသည် နှီးတုပ်ပြင်နည်းထက်အကြမ်းခံသည်။ ရာသီဥတု အပြောင်းအလဲဒဏ် ကိုလည်းခံနိုင်သည်ဟုဆိုသည်။ ယခုအခါတွင် နှီးတုပ်ပြင် နည်းထက် သိုးပြင်နည်းကို ပိုမို ပြုလုပ်ကြသည်။ ထန်းစ၏ တစ်ဝက်ကို ထန်းဖို ပြင်ဆင်ပြီး ကျန်တစ်ဝက်ကို ညှပ်အတွက် ချန်ထား လေ့ရှိသည်။

ထိုသို့ပြင်ဆင်ပြီးနောက် ထန်းသမားသည် ရင်းဆွဲတင်ရန်အတွက် ပြင်ဆင်သည်။ ထန်းသမားဝင်သာသည့် ဘက်ကို ရွေးချယ်၍ ရင်းဆွဲကို ချိတ်ဆွဲသည်။ ရင်းဆွဲချိတ်ဆွဲရန် ထန်းဖူး အနီးရှိ ထန်းလက်ကို သင့်သလိုဖြတ်ပြီး ထစ်လုပ်ထားသည်။ ထိုထစ်တွင် ရင်းဆွဲ၏ ဦးကို ချိတ်ဆွဲ ရသည်။ ရင်းဆွဲဦးကို ချည်ရန်အတွက် ထန်းဖူး၏ဝဲယာမှ ထန်းလက်နှစ်ခု၏ဘေးသားကို ထန်းရွက်အရင်းမှ ပတ်ခွအထိခွဲချကာ တုပ်သာအောင် အပြားတစ်လက်မ၊ တစ်လက်မခွဲခန့်ကို ညီညာအောင် အချောသတ်ရသည်။ ထို့နောက် ရင်းဆွဲဦးကို မြဲမြံစွာ တုပ်နှောင်ရသည်။ ၎င်းကို ဦးထုပ်ကြိုးဟု ခေါ်သည်။ အချို့က ဦးထုပ်ဆိုင်းကြိုးဟုလည်း ခေါ်ကြသေးသည်။ ထို့နောက် ရင်းဆွဲမှ ဆင်းကာ ရင်းဆွဲမလှုပ်စေရန် ဝန်းပတ်ကြိုးကို နှစ်ထပ်သုံးထပ် ပတ်တုပ်သည်။ ရင်းဆွဲ အတိုအရှည်ကိုလိုက်၍

ထန်းပတ်ကြိုး နှစ်ချောင်း သုံးချောင်း လေးချောင်းအထိ ပြုလုပ်ကြသည်။ ထို့နောက် ထန်းတက်စဉ် အဝင်အထွက် လွယ်ကူစေရန် ရင်းဆွဲအနီးရှိ ထန်းလက် ထန်းရွက် အချို့ကို ခုတ်ချလေ့ရှိသည်။

ထိုသို့ပြင်ဆင်ပြီးပါကထန်းဖိုထန်းတက်ခြင်းအလုပ်ကိုစတင်နိုင်ပြီဖြစ်သည်။ ထန်းပြင်ပြီး၃ရက်ကြာမှ ထန်းဖြတ် (ထန်းစတင် လှီး) လေ့ရှိသည်။ ထန်းဖိုတက်ရာတွင် ဓားလှီး ကျွမ်းကျင်ရန်လို သည်။ ထန်းစ၏ မျက်နှာကို ကြည့်၍ လှီးတတ်ရသည်။ ဓားပို (ဓားလှီးများ သွားခြင်း) ၍ဖြစ်စေ၊ ဓားလို (ဓားလှီးနည်းသွားခြင်း) ၍ဖြစ်စေ ထန်းရည် မယိုတော့ဘဲ ထန်းတုံးသွားနိုင်သည်။ ထန်းဖို၏ အသက်သည် ခုနစ်ရက်နှင့် ပြုတ်နိုင်သကဲ့သို့ ထန်းအုံအတွင်းသို့ ထန်းစရောက်သည်အထိလည်း ထန်းရည် ရနိုင်သည်။ ပြာသိုလလယ်လောက်မှ စတင်ခဲ့သော ထန်းဖိုသည် များသောအားဖြင့် တပေါင်းလ ဝန်းကျင်အထိ သက်တမ်းရှည်ကြသည်။ ထန်းဖို ကာလသည် ရာသီဥတုကောင်းမွန်လေ့ရှိ သည်။ ထန်းဖို ထန်းလျက် သည် အခြားသော ရာသီပေါ် ထန်းလျက်များထက် အရသာရှိသည်။ ဆေးဖက် ဝင်သည်။ ထို့ကြောင့် အညာဒေသတွင် ထန်းဖိုဦး ကို နှောင်ကာလအထိ သိုလှောင်တတ်ကြသည်။

အထက်ပါအတိုင်း လုပ်ဆောင်၍ ထန်းခိုင်ချောင်းအနုကလေးများကို စုပြီး ထန်းပင် အပေါ်တွင် အသင့်ရှိနေသည့် ထန်းရွက်အနုလေးများကို လှီးဖြတ်ပြီး ကြိုးအဖြစ် အသုံးပြုကာ ထန်းခိုင်ချောင်း အနုအရင့်ကို လိုက်၍ သုံးလေးချက် တစ်မက်ခြား၊ ငါးမူးခြားအကွာအဝေးခြား တုပ်နှောင်ရပါသည်။ ထိုသို့ တုပ်နှောင်ပြီးသည်နှင့် ထန်းသမားသည် ထန်းစကို ထန်းရည်ခံရန် ထန်းခိုင်ချောင်း ရင့်လျှင် သုံးရက်၊ နုလျှင်ငါးရက်၊ ခြောက်ရက် စောင့်ပြီးမှ မြူအိုးချိတ်၍ ထန်းစတင်လှီးရ ပါသည်။

မိတ္ထီလာနယ် ထန်းဖိုလုပ်ငန်းဆိုင်ရာဝေါဟာရများအဖြစ် "ထန်းဆော်လေ၊ ထန်းဖိုပင်၊ ထန်းဖို၊ ထန်းဖိုငုတ်၊ ထန်းပိုနှီးတုတ်၊ ထန်းဖိုသိုး၊ ထန်းရစ်၊ တောက်တဲ့ခေါင်း၊ ထန်းနို့၊ ပလ္လင်ခံ၊ ထန်းဖိုဖြတ်၊ ထန်းစစ်ဖတ်၊ နင်းလက်ချ၊ ထန်းကိုင်ဓား၊ ဓားစူး၊ ထန်းလှီးဓား၊ ကလိုင်၊ ရင်းစွဲ၊ မြူအိုး၊ ကြိုးဖြေ၊ မြူအိုးကြိုး၊ ဆိုင်းကြိုး၊ ဦးထုပ်ကြိုး၊ ရင်းထောင်၊ ရင်းဆွဲဝန်းပတ်ကြိုး၊ ရင်းထောင်ဝန်းပတ်ကြိုး၊ ကွပ်ဖုံးဝါး၊ ချွန်းချိတ်" စသည်ဖြင့် တွေ့ရသည်။ ထန်းဖိုလုပ်ငန်းဆိုင်ရာ ဝေါဟာရများ၏ အဓိပ္ပာယ်ကို အောက်ပါတိုင်းရှင်းလင်းဖော်ပြထားပါသည်။






၁။ နင်းလက်ချ
၂။ ကျေးမြီး
၃။ ထန်းဖိုထန်းစဖောက်
၄။ ထန်းဖိုထန်းစခွာ

၁။ (၄/၃၀) ၂။ (၅/၃၀) ၃။ (၆/၃၀) ၄။ (၇/၃၀)

**ထန်းဆော်လေ** - န /ထဆော်လေ/ ထန်းဖိုထန်းစနုများ ထွက်ချိန် ပြာသိုလ၊ တပို့တွဲလများတွင် တိုက်ခတ်သောလေ။

**ထန်းဖိုပင်** - န /ထဘိုဗင်/ လက်ချောင်းသဏ္ဍာန် ထန်းနို့များထွက်၍ အသီးမသီးသော ထန်းပင်။

**ထန်းဖို** - န /ထဖို/ လက်ချောင်းသဏ္ဍာန်ထန်းစနုများကို လှီး၍ အရည်ခံရသော ထန်း။

**ထန်းဖိုငုတ်** - န/ ထဖိုငုတ်/ ထန်းဖိုထန်းစနုများ ဓားလှီးပြီး ကျန်ရှိသည့် ထန်းစငုတ်။**ထန်းဖိုနှီးတုပ်** - န /ထဘိုနှီးတုတ်/ ထန်းဖိုထန်းစနုများကို ထန်းဖူးနှီးဖြင့် တုပ်နှောင်ထားသော ထန်းစ။



၁။ (၈/၃၀)



၂။ (၉/၃၀)



၃။ (၁၀/၃၀)

၁။ ထန်းဖိုနှီးစည်း

၂။ ထန်းဖိုပြင်ဆင်ပြီး

၃။ ထန်းဖိုထန်းလှီး

**ထန်းဖိုသိုး** - န/ထဘိုသိုး/ ထန်းဖိုထန်းစနုများကို အကြမ်းဖတ်ချန်ကာ ရစ်၍ပြင်ထားသော ထန်းစ။

**ထန်းရစ်** - ကြိ - /ထန်းရစ်/ ထန်းဖိုပြင်ရာတွင် ထန်းဖိုထန်းစနုများကို အကြမ်းဖတ်ခွာ၍ ပြုပြင်သည်။

**တောက်တဲ့ခေါင်း** - န /တောက်တဲ့ဂေါင်း/ ထန်းဖိုထန်းစနုသည် ထန်းဖုံးဆံပတ်ကြားမှ ထွက်ပြူနေသော ထန်းစခေါင်း။

**ထန်းနို့** - န/ ထနို့/ လက်ချောင်းသဏ္ဍာန် ထန်းဖိုထန်းစနု။

**ပလ္လင်ခံ** - ကြိ /ပလင်ခံ/ ထန်းဖိုထန်းစနု ကျိုးမကျစေရန် ထန်းစ၏အောက်ခြေ၌ အကြမ်းဖတ်ချန်ကာ ရစ်သည်။

**ထန်းဖိုဖြတ်** - ကြိ /ထဖိုဖြတ်/ ပြင်ဆင်ပြီးသော ထန်းဖိုထန်းစနုကို ထန်းလှီးဓားဖြင့် စတင်လှီး သည်။

**ထန်းစစ်ဖတ်** - န/ဒဇစ်ဖတ်/ ထန်းပင်၏ ပတ်ခွအရင်းတွင် ထန်းစနှင့် ထန်းအုံကို ရစ်ပတ်ထားသော ဇကာကွက်ဖွယ် အဖတ်။

**နင်းလက်ချ** - ကြိ /နင်းလက်ချ/ ထန်းပြင်ရာတွင် မလိုအပ်သော ထန်းလက်ထန်းရွက်နှင့် ထန်းစစ်ဖတ်များကို ထန်းသမားက ခြေဖြင့် နင်းချသည်။



၄။ (၁၁/၃၀)

ထန်းလှီးဓားအိမ်၊

ထန်းလှီးဓား၊

ထန်းကိုင်ဓား၊

ဓားစူး၊

ဓားစူးအိမ်

**ထန်းကိုင်ဓား** - န/ထဂိုင်ဒါး/ ဓားအသွားဖျားမှ ဓားရိုးအဆုံးထိ အလျား နှစ်ပေခွဲခန့်ရှည်၍ ဦးဝိုင်းပြီး ဓားရိုးရှည် တပ်ထားသည့် ထန်ပြင်ရန်အတွက် သီးသန့် ပြုလုပ်ထား သော ဓား။

**ဓားစူး** - န/ဒါးစူး/ ထန်းဖိုပြင်ရာနှင့် ထန်းမသီးလုံးချွေရာတွင် အသုံးပြုသော ဓား။

**ထန်းလှီးဓား** - န/ထလှီးဓား/ ထန်းရည်ခံရန် ထန်းနို့၊ ထန်းသီးတံတို့ကို လှီးရသောဓား။

**ကလိုင်** - န /ဂလိုင်/ ထန်းပြင်ရာတွင် ထန်းအုံအတွင်း ထိုးကလန့်ပြီး ထန်းသမား ထိုင်ရသော တုတ်ချောင်း။

**ရင်းဆွဲ** - န /ရင်ဖွဲ/ ထန်းလည်ဆစ်ရှိ နင်းလက်ချ ၊ ထန်းပတ်အုံမှ အောက်ဘက်သို့ ဆွဲချထားပြီး ထမ်းလုံးနှင့်အသေကပ်ချည်ထားသောထန်းတက် ဝါးလှေကားငယ်။

**မြူအိုး** - န /မျူအိုး/ ထန်းရည်ခံယူရန်အတွက် မြေနှင့်ပြုလုပ်ထားသော မြူအိုး တစ်ပုလင်း ဆိုသလိုပင်။ မြေအိုး။

**ကြိုးဖြေ** - န /ကျိုးဖျေ/ မြူအိုးကို ထန်းပင်ပေါ်မှာ ချိတ်ဆွဲရန် ချည်ကြိုးကို ကွင်းပြုလုပ်ပြီး တပ်သော ကြိုး။ (မြူအိုးသည် မြေဖြင့်ပြုလုပ်ထားသည်ကို အစွဲပြုပြီး အချို့က မြူအိုးကြိုးကို 'မြေအိုးကြိုး' ဟုလည်း ခေါ်သည်။)

**မြူအိုးကြိုး** - န -ထန်းရည်ခံယူရန်အတွက် မြူအိုး၏နှုတ်ခမ်းဝိုင်းကို ကွင်းသိုင်းတပ် ချည်ကြိုး။

**ဆိုင်းကြိုး** - န/ဆိုင်းဂျိုး/ ထန်းဖိုထန်းစနှ အောက်သို့ ကျိုးမကျစေရန် ထန်းလက်နှင့် ထန်းစ ကို ဆိုင်းဆွဲထားသော နီးကြိုး။

**ဦးထုပ်ကြိုး** - န/အိုးထုပ်ကြိုး/ ထန်းဖူး အနီးရှိ ထန်းလက်နှင့် ရင်းဆွဲကို ချိတ်ဆွဲ တုပ်နှောင် ပေးသော ၁ လက်မခွဲ ၂ လက်မခွဲအဖွဲ့ ကြီးမှူး ဦးထန်းကျိ။

**ရင်းဆွဲဝန်းပတ်ကြိုး** - န /ရင်းဖွဲဝင်းဘတ်ကြိုး/ ရင်းဆွဲကို ထန်းပင်အုံမှာ ဆွဲချထားရာတွင် ပင်ခြေ သို့ ကျမသွားစေရန် ထန်းပင်လုံးနှင့် ချည်နှောင်ထားရသော ထန်းစိမ်းကြိုး။

**ရင်းထောင်ဝန်းပတ်ကြိုး** - န /ရင်းဒေါင်ဝင်းဘတ်ကြိုး/ ရင်းထောင်လဲမကျစေရန် ရင်းထောင်နှင့် ထန်းပင်စည်လုံးကို ပတ်ချည်ထားသော ချည်ကြိုး။

**၄၊ ၁၊ ၂။ ညှပ်ထန်းပြင်ဆင်လုပ်ကိုင်ပုံ**

ထန်းဖိုပင်မှ ရင့်သွားသော ထန်းစများကို ညှပ်စဟုခေါ်သည်။ အခိုင်လိုက်ဖြစ်သောကြောင့် ညှပ်ခိုင်ဟု လည်းခေါ်ကြသေးသည်။ ညှပ်ခိုင်ထန်းစသည် ရှည်လျားသော လက်ချောင်းများရှိပြီး အဝါရောင် အပွင့်ကလေးများ ပွင့်လေ့ရှိသည်။ ထန်းစလက်ချောင်းတို့၏ အရောင်မှာ စိမ်းညို့၍နေသည်။ ထို လက်ချောင်းများကို ထန်းရည်ယိုရန်အတွက် ထန်းညှပ်နှင့်ပျော့ပျောင်း၍ နုပ်သွားအောင် ညှပ်ရသည်။ ထိုသို့ညှပ်သည့်အခါ ထန်းပင်နှင့်ထန်းစ အနေအထားကိုလိုက်၍ ညှပ်ရသည်။ နာလွှန်းခြင်း၊ သာလွှန်းခြင်း မရှိရပေ။ ထန်းညှပ်ခြင်း၌ ပညာသားပါသည်။

ထန်းစများကို ညှပ်ပြီးနောက် ထန်းလက်ချောင်းကလေးများကို ထန်းဖူးနီးနှင့် သင့်တင့် အောင်စည်းကြသည်။ ဤသည်ကို ညှပ်တုပ်သည်ဟုခေါ်သည်။ ညှပ်တုပ်ကို တုပ်ရာ၌ မြူအိုး၏ မျက်နှာဝနှင့် ဆန့်အောင် ချင့်ချိန်ရသည်။ မိမိစားလိုးနိုင်သည့် ပမာဏကိုလည်း တွက်ချက်ရသည်။ ထန်းရည်ယိုနှုန်းကိုလည်း နားလည်ရသည်။ ဤအချက်တို့အပေါ်မူတည်၍ ညှပ်တုပ် အကြီးအသေး ကွာခြားနိုင်သည်။ ညှပ်တုပ်ပြီး ၃ ရက် ၄ ရက်ကြာမှ ထန်းဖြတ်ရသည်။ ထန်းဖြတ် ချိန်၌ ထန်းစ၏ မျက်နှာ၌ ထန်းရည်များ ဝေ့လာပြီး အောက်သို့ တစ်ပေါက်ချင်း ကျလာသည်။

ညှပ်ထန်းကိုလှီးရာ၌ နီးကွင်းကို အသုံးပြုရသည်။ ထန်းစ (ညှပ်တုပ်) မိမိအနီးသို့ ရောက်လာ စေရန် နီးကွင်းနှင့် ဆွဲယူကာ လှီးကြရသည်။ ထန်းပင်အုံအပေါ်သို့ တက်လှီးရန် မသင့်ပေ။ ရင်းဆွဲ၏

အပေါ်၌ ခြေတစ်ဖက်ကို ကုလားပတ်ချိတ်ကာ ခါးကိုလွှဲ၍ လှီးရသည်။ ညှပ်ထန်း လှီးသည့်အခါ သတိရှိရန်လိုသည်။ ထန်းစကန်လာလျှင် (ထန်းစမျက်နှာ အနည်းငယ် မာ၍ ထန်းစတုပ်ကြိုးများ တင်းလာခြင်း) ဓားကို အနည်းငယ်ပိုလှီးရသည်။ ဓားလိုက်သည် ဟုလည်း ခေါ်ကြသည်။ တစ်ခါတရံ တထောင့်လေ (မုတ်သုံလေ) တို့ကြောင့် ထန်းတုံးရတတ် သည်။ ဓားလွန်သည့်နေ့ ထောင့်လေ တိုက်သည့်နေ့နှင့်ဆုံလျှင် ထန်းစနာသွားပြီး၊ ထန်းရည် ဆုတ်တတ်သည်။ ဓားလှီးခြင်း၌ ပညာသား ပါသည်။ ညှပ်တုပ်၏ အရင်းတွင် ထန်းရည် မြူအိုး ချိတ်ရန်အတွက် ဝါးငုတ်သေးသေးကလေးများကို ချွန်ကာရိုက်ရသည်။ ညှပ်ထန်းကာလ သည် တပေါင်းလမှ ကဆုန်လအထိသာဖြစ်သည်။ ညှပ်ထန်းလျက်သည် ထန်းဖိုထန်းလျက်လောက် အသုံးမဝင်ပေ။ ညှပ်ထန်းလျက်ကို အချို့လူတို့ လှောင်လေ့ရှိသည်။ ထန်းမထန်းလျက်ထက် ပိုနှစ်သက်ကြသည်။ ညှပ်ထန်းပြင်ဆင်ပုံ ဝေါဟာရ အနက်အဓိပ္ပာယ် ဖွင့်ဆိုချက်များကို အောက်ပါတိုင်း ရှင်းလင်းဖော်ပြထားပါသည်။



၁။ (၁၂/၃၀)



၂။ (၁၃/၃၀)



၃။ (၁၄/၃၀)

၁။ ညှပ်ညှပ်နေပုံ

၂။ ညှပ်၊ ကလိုင်

၃။ ညှပ်ထန်းလှီးပုံ

**ညှပ်ထန်း** - န/ **ညှပ်ထန်း** / လက်ချောင်းသဏ္ဌာန် ထန်းဖိုစအရင့် ထွက်သည့် ထန်းပင်။

**ညှပ်** - န/**ညှပ်**/ ထန်းဖို ထန်းစရင့် လက်ချောင်းများကို ထန်းရည်ယိုရန်အတွက် ပျော့ပျောင်းနူးနပ်သွားအောင်ညှပ်ရသောသစ်သားဖြင့် ပြုလုပ်ထားသည့် ထန်းသမားသုံးကိရိယာ။

**ထန်းညှပ်** - ကြိ/ထန်းညှပ်/ လက်ချောင်းသဏ္ဌာန်ထန်းဖိုစ အရင့်များကို ထန်းရည်ယိုရန် အတွက် ထန်းစ ပျော့ပျောင်းသွားစေရန် ညှပ်ဖြင့် ညှပ်ပေးသည်။

**ညှပ်တုပ်** - ကြိ/ညှပ်တုတ်/ ထန်းစများကို ညှပ်ပြီးနောက် ထန်းလက်ချောင်းကလေးများကို ထန်းဖူးနှီးနှင့် သင့်တင့် အောင်စည်းသည်။




၄။ (၁၅/၃၀)




၅။ (၁၆/၃၀)

**ညှပ်ငုတ်** - န- ညှပ်တုပ်တွင် မြူအိုးချိတ်ဆွဲရန် ရိုက်ထားသည့် ၂ လက်မခန့်ရှိသော ဝါးချွန်ငုတ်။

**ပွင့်ဝင်းလိုက်** - ကြိ - ညှပ်စတွင် အဝါရောင်အပွင့်ကလေးများပွင့်သည်။

**ညှပ်ဖြတ်** - ကြိ - ညှပ်တုပ်ပြီးသော ညှပ်ထန်းစတုပ်ကို ထန်းလှီးဓားဖြင့် စတင်လှီးသည်။

**ထန်းဖူးနှီး** - န - ထန်းလက်ချောင်းကလေးများကို စနစ်တကျစည်းကာ တုပ်ရသော နှီး။





၁။ ကုလားပတ်ချိတ်

၂။ ထန်းနို့ချောင်း

၁။ (၁၇/၃၀) ၂။ (၁၈/၃၀)

**ဆိုင်းကြိုး** - န /ဆိုင်းဂျိုး/ ညှပ်စကို အောက်သို့ တွဲမကျစေရန် ထန်းလက်နှင့် ထန်းစကို ဆိုင်းဆွဲထားသော ထန်းလျှော်ကြိုး။

**ထန်းနို့ချောင်း** - န/ထနို့ဂျောင်း/ ထန်းစတွင် အကြမ်းဖတ် အခွံများကို နွာလိုက်သောအခါ ထွက်ပေါ်လာသော ထန်းလက်ချောင်း။

**ကုလားပတ်ချိတ်** - ကြိ/ကလဘတ်ချိတ်/ ထန်းသမားသည် ထန်းစကို လှီးရန် ရင်းဆွဲတွင် ခြေတစ်ဖက်ထိုး၍ ယင်းခြေကို ပင်စည်နှင့် ကန့်လန့်ကာ ကိုယ်ကို အနည်းငယ် လွဲထားသည့် ပုံသဏ္ဍာန်ပြသည်။*

## ၄၊ ၂။ ယောင်ထန်းနှင့် ထန်းမထန်းပြင်ဆင်လုပ်ကိုင်ပုံ။

ထန်းမပင်သည် အသီး သီးသော ထန်းပင်မျိုးဖြစ်သည်။ ထန်းမပင်တွင် အနက်ရောင် ထန်းသီးသီးသောအပင်၊ အနက်ရောင်ဖျော့ဖျော့ နီဖန်ဖန်အရောင်ရှိသော ထန်းသီး သီးသည့်အပင်၊ ဝါဖန့်ဖန့်စိမ်းတိမ်းတိမ်း အရောင် ထန်းသီး သီးသည့်အပင်ဟူ၍ မျိုးကွဲများရှိသည်။ မည်သည့် ထန်းပင်မဆို ထန်းတက်၍ရသည်။ ထိုထန်းမပင်ကို ယောင်ထန်းနှင့် ထန်းမထန်းဟူ၍ နှစ်မျိုးနှစ်ရာသီတက်နိုင်သည်။ များသောအားဖြင့် ထန်းဖိုထန်းစထက် ထန်းမထန်းသီးခိုင်က အရေအတွက်ပိုများတတ်သည်။

## ၄၊ ၂၊ ၁။ ယောင်ထန်းပြင်ဆင်လုပ်ကိုင်ပုံ

ယောင်ထန်းသည် ထန်းမပင်မှ ထန်းစ (ထန်းသီးလက်တံ) ထွက်စတွင် လှီးရ၊ တက်ရသော အပင်ဖြစ်သည်။ ထွက်ခါစ ထန်းသီးခိုင် (ထန်းစ) နုနုလေးများတွင် ထန်းသီးကွက်လေးများရှိသည်။ ထိုထန်းသီးကွက်လေးများ ထင်ရှားလာချိန်တွင် ဆောက်ခေါက် (ထန်းမပင်၏ ထန်းသီးခိုင် အညှာရင်းကို ထုရသော သံကိရိယာ။ ထန်းထု။ မြန်မာအဘိဓာန်၊ စာ-၁၁၆) နှင့်ထုရသည်။ အချို့ဒေသတွင် ဆောက်ခေါက်အစား ထိပ်တွင်လုံးဝန်းသော တူနှင့်ထုလေ့ရှိ သည်။ ထန်းထု ရာတွင် နာလွှန်းခြင်း၊ သာလွန်းခြင်းမရှိရပေ။ ထန်းပြင်ရာတွင် ထန်းအုံမှ ထန်းလက် ထန်းရွက် ခြောက်တို့ ရှင်းပေးရုံမျှသာ ဖြစ်သည်။ ယောင်ဖြတ်သည့်အခါ မိုးလေဝသနှင့် ရာသီဥတုကို ကြည့်၍ဖြတ်ကြသည်။ ယောင်ထုသည့် အခါတွင်လည်း ထန်းပင်နှင့် ရာသီဥတုကို လိုက်၍ ထုကြရသည်။ လူတိုင်း

* **မှတ်ချက်**။ ။ *အထက်ပါဖွင့်ဆိုချက်များသည် မိတ္ထီလာခရိုင် ရွာတန်းရှည်ကျေးရွာများနေရွာနေ ထန်းလုပ်သားများဖြစ်ကြသော ဒေါ်အုံးကြင်၊ ဦးစိုးမြင့်၊ ဦးညိမ်းဆောင်တို့နှင့် မကျီးကုန်းရွာနေ ဦးဝင်းဦး၊ ဦးသောင်းတို့၏ ရှင်းလင်းချက်များကို စစ်တမ်းကောက် ဖွင့်ဆိုထားခြင်း ဖြစ်ပါသည်။*

ယောင်ရည်ယိုအောင် မထုနိုင်ပေ။ ပညာသားပါလှသည်။ ယောင်ထန်း ပြင်ရာ၌ ထန်းဖိုလောက် ပြင်ရန်မလို။ ယောင်ထန်း ကာလသည် ညှပ်နှင့်အပြိုင် တပေါင်းလမှ ကဆုန်လအထိ ကြာမြင့် နိုင်သည်။ ယောင်တည့်ပါက ထန်းမထန်းနှင့်ပင် ဆက်လေ့ရှိသည်။ ယောင်ထန်းလျက်ဟူ၍ သီးခြား မရှိပေ။ ထန်းဖို၊ ညှပ်တို့နှင့် ရောလျက် ရှိသည်။





၁။ ယောင်ထန်း
၂။ ဆောက်ခေါက်
၃။ ထန်းအုံ

၁။ (၁၉/၃၀) ၂။ (၂၀/၃၀) ၃။ (၂၁/၃၀)

**ထန်းမပင်** - န /ထမဗင်/ ထန်းသီး သီးသော ထန်းပင်။ (အနက်ရောင် ထန်းသီး သီးသော အပင်၊ အနက်ရောင် ဖျော့ဖျော့ နီဖန်ဖန်အရောင်ရှိသော ထန်းသီး သီးသည့်အပင်၊ ဝါဖန့်ဖန့် စိမ်းတိမ်းတိမ်းအရောင် ထန်းသီး သီးသည့် အပင် ဟူ၍ မျိုးကွဲများရှိ သည်။)

**ယောင်ထန်း** - န/ရောင်ထန်း/ ထန်းမပင်တွင် ထန်းသီးခိုင် သီးလုံးကွက်ပေါ်ချိန်၌ သီးလုံးကွက် ကြားကို ဆောက်ခေါက်ဖြင့် ပျော့ပျောင်းအောင် ထု၍ လှီးရ၊ တက်ရသော ထန်း။

**ယောင်ထု** - ကြိ /ရောင်ထု/ ထန်းသီးခိုင် သီးလုံးကွက်ပေါ်ချိန်တွင် ထန်းသီးလုံးကွက် အကြားကို ဆောက်ခေါက် ဖြင့် ထုသည်။ ထန်းထု။

**အခါ** - န / အခါ/ ထန်းတက်ရာသီချိန်၌ လှီးရတက်ရသော ထန်း။

**အတည်** - န/အတီ/အချိန်အခါမဟုတ် အခါလွန်ချိန်၌ လှီးရသောထန်း။

**ဆောက်ခေါက်** - န / စောက်ခေါက်/ ထန်းမပင်၏ ထန်းသီးခိုင်နုချိန်တွင် သီလုံးကွက်ကြားကို ထုရသော သံဖြင့် ပြုလုပ်ထားသည့် ထန်းသမားသုံး ကိရိယာ။

**ထန်းလှုပ်** - ကြိ /ထန်းလှုပ်/ ယောင်ထန်းရည်ရရန်အတွက် ထန်းထုပြီးသား ထန်းခိုင်ကို လှုပ်ခါပေးသည်။

**ယောင်ဖြတ်** - ကြိ /ရောင်ဖျက်/ ယောင်ထန်းထုပြီးနောက် ၃ ရက် ၄ ရက်အကြာတွင် ထန်းရည်ရရန် အတွက် ထန်းလှီးဓားဖြင့် စတင်လှီးသည်။

**ထန်းအုံ** -န/ထအုံ/ထန်းလက်ထန်းရွက်များနှင့် စည်ကားနေသည့်ထန်းပင်၏အထက်ပိုင်း။

**သီးလုံးကွက်** -န/သီးလုံးဂွက်/ထန်းသီးခိုင်ညှာနုပေါ်တွင် ပေါ်နေသော သီးလုံးရာများ။*

## ၄၊ ၂၊ ၂။ ထန်းမ ထန်းပြင်ဆင်လုပ်ကိုင်ပုံ

ထန်းမထန်းသည် ထန်းသီးခိုင်မှ ထန်းသီးများရင့်လာသည့်အခါ သီးလုံးခြွေကာ လှီးရ၊ တက်ရ သော ထန်းဖြစ်သည်။ ထန်းမထန်းအတွက် ယောင်ထန်းထုစဉ်ကပင် ကြိုတင် ထုထားရသည်။ ထန်းမခိုင် အဖြစ် သတ်မှတ်ထားသော ထန်းခိုင်ကို ယောင်ထန်းတက်ရင်း မကြာမကြာ လှုပ်၍ ပေးရသည်။

---

* **မှတ်ချက်**။ ။ *အထက်ပါဖွင့်ဆိုချက်များသည် မိတ္ထီလာခရိုင် ပေပင်ကုန်ကျေးရွာများနေရွာနေ ဦးကြက်တော၊ ကင်ပွန်းခြံကျေးရွာနေ ဦးကံကောင်း၊ မယ်ဇလီကုန်းကျေးရွာနေ ဦးသန်း၊ တမာပင်ကျေးရွာနေ ဦးကျော်ဝင်း စသော ထန်းလုပ်သားများ၏ ရှင်းလင်းချက်များကို စစ်တမ်းကောက် ဖွင့်ဆိုထားခြင်း ဖြစ်ပါသည်။*

ထန်းမအတွက်ထန်းကို သီးခြားပြင်ရန်မလို ယောင်တက်စဉ်က လိုအပ်သော ရင်းဆွဲနှင့် ရှင်းလင်းမှုများကိုပြုလုပ်ပေးထားပြီး ဖြစ်သည်။ ထန်းမတက်မည်ဆိုလျှင် မလိုအပ်သော ပိုနေသော ထန်းခိုင်များ ခုတ်ချပြစ်ရသည်။ ထန်းမအတွက် ထန်းသီးခိုင်များကို အောက်သို့ တွဲလျားချထားရသည်။ ထန်းမ မဖြတ်မီ မကြာမကြာ လှုပ်ပေးရသည်။

ထန်းမထန်းကို မိုးသားတိမ်တိုက်များကောင်းကင်တွင် ပြေးနေသည့်အချိန်၊ ဒီတက်ချိန် ဒီတက်ရက်များတွင် ထန်းမထန်းကို ဖြတ်ကြရသည်။ ထန်းမထန်းဖြတ်ရက်သည် အရေးကြီး သည်။ ရာသီဥတု မမှန်းတတ်ပါက ထန်းမထန်းရည်ရရန် မလွယ်ကူလှချေ။ မေလ (၂၀)ရက်နေ့ သည် မြန်မာနိုင်ငံအလယ်ပိုင်းအတွက် မိုးရွာနိုင်ခြေအများဆုံးဖြစ်သည်။ ထို့ကြောင့် ထန်းမ ထန်းတက်သမားတို့သည် မေ ၂၀ ရက်ဝန်းကျင်တွင် ထန်းမဖြတ်လေ့ရှိသည်။ ထန်းမထန်းဖြတ် သည်ဆိုသည်မှာ ထန်းမထန်းသီးခိုင်မှ အဖျားထန်းသီးလုံး နှစ်လုံး သုံးလုံးကို ခြွေ၍ ထန်းစ အူချောင်းကို ထန်းလှီးဓား နှင့် လှီးရခြင်းဖြစ်သည်။ ထန်းမထန်းကို ထန်းသီးဆံ ဖားအိုင်ဆံ အရွယ်တွင် အများဆုံး ဖြတ်လေ့ရှိသည်။ ထန်းသီးလုံးကို ခြွေရန်အတွက် ဓားစူး (ဓားပွင့်) ထက်ရန်လိုသည်။ ထန်းမ ထန်းသီးခိုင်ကို ဆွဲပွေ့ကာ ထန်းသီးကုံးကို ဓားစူးနှင့် ထိုး၍ ခြွေရခြင်း ဖြစ်သည်။ အန္တရာယ်များ၍ ကျွမ်းကျင်ရန်လိုသည်။

ထန်းမဖြတ်စဉ်၌ ထန်းစ၏ မျက်နှာတွင် ထန်းရည်ဝှေ့လာပြီး အောက်သို့ တစ်ပေါက် တစ်ပေါက်ကျလာပါက ထိုထန်းမ ထန်း အဆင်ပြေပြီဖြစ်သည်။ သို့မဟုတ်ပါက ဓားအနည်းငယ် ပိုလှီးရသည်။ ထန်းမထန်းတွင်လည်း ဓားအပေးအယူလွန်စွာအရေးကြီးသည်။ ထန်းလှီးရာ၌ ဓားလှီး နည်းခြင်း၊ ဓားလှီးများသွားခြင်း မဖြစ်စေရ။ ရာသီကိုလိုက်၍ ထန်းစ၏ မျက်နှာကို ကြည့်၍ လှီးတတ်ရန်လိုသည်။ ထန်းမရာသီသည် မိုးတွင်းကာလဖြစ်သည်။ ထန်းရည်အတွင်း ရေဝင်တတ်သဖြင့် ထန်းလျက် အလွန်မကောင်းတတ်ပေ။ ရာသီ၏ အပြောင်းအလဲကြောင့် ထန်းလျက် မကြာခဏ ပျက်တတ်သည်။ ထန်းမထန်းလျက်ကို နောင်အတွက် လှောင်သူ နည်းပါး လှသည်။ လှောင်ထားပါက ပျော့သွားခြင်း၊ အရည်ပျော်သွားခြင်းများဖြစ်တတ်သည်။ ထန်းမ ကာလသည် ကဆုန်လမှ နယုန်လ နှစ်လတာဖြစ်သည်။ ထန်းမထန်းတည့်ပြီး ဓားလှီးကောင်း ပါက ထိုထက်မက သက်တမ်းရှည်ကြာ ကြသည်။ အတည်ထန်းသည် ကြားကာလ၌ ထန်းသမား တို့ စားဝတ်နေရေးအတွက် ဖြည့်တင်းပေး သည်။ ထန်းခိုင်၊ ထန်းစများစွာ မထွက်သောကြောင့် စီးပွားဖြစ်လုပ်ကိုင်ရန် မလွယ်ကူပေ။ အတည် ထန်းသည် ရာသီဥတု ကောင်းသော၊ မြေဩဇာ ကောင်းသော ထန်းတောများ၌သာထွက်လေ့ရှိသည်။ ထန်းသမားတိုင်း လုပ်ကိုင် ဆောင်ရွက်ခြင်း မရှိပေ။ ထန်းသမားအချို့သာ တက်လေ့ ရှိသည်။

ထန်းဖိုဖြစ်စေ၊ ညုပ်ဖြစ်စေ၊ ယောင်ထန်းဖြစ်စေ၊ ထန်းမဖြစ်စေ ထန်းရည်ခါးထည့်နိုင် သည်။ ထန်းရည်ခါးအတွက် ထန်းရည်အဆိုးအကောင်းများစွာ မသိသာလှပေ။


၁။ (၂၂/၃၀)


၂။ (၂၃/၃၀)


၃။ (၂၄/၃၀)


၄။ (၂၅/၃၀)

၁။ ထန်းမပင်
၂။ ထန်းမထန်းတက်
၃။ ထန်းသီး
၄။ ထန်းသီးစင်း

**ထန်းမ** - န /ထမ/ ထန်းသီးခိုင်မှ ထန်းသီးများ ရင့်လာသည့်အခါ (ဖားအိုင်းဆံ) သီးလုံး ခြွေကာ လှီးရ၊ တက်ရ သော ထန်း။

**ထန်းမထု** - ကြိ /ထမထု/ ထန်းသီးခိုင်နုချိန်တွင် သီးလုံးကွက်ကြားကို ဆောက်ခေါက်ဖြင့် ပျော့ပျောင်းအောင်ထုသည်။

**ထန်းမလှုပ်** - ကြိ/ထမလှုပ်/ ထန်းမထန်းရည်ရရန် သီးခိုင်များကို ထန်းပင်လုံးပင်စည်နှင့် ပုတ်ခတ်လှုပ်ရမ်း ပေးသည်။

**သီးလုံးခြွေ** - ကြိ/သီးလုံးချွေ/ ထန်းမထုပြီးသော ထန်းခိုင်မှ ထန်းသီးလုံးများကို ဓားစူးနှင့် လိုအပ်သလောက် ထိုးခြွေသည်။

**ထန်းမဖြတ်** - ကြိ/ထမဖျက်/ ထန်းမထန်းသီးခိုင်မှ အဖျား ထန်းသီးလုံး နှစ်လုံး သုံးလုံးကို ခြွေ၍ ထန်းစ အူချောင်းကို ထန်းလှီးဓားနှင့် လှီးသည်။






၁။ ထန်းလျက်ချက်

၂။ မြူအိုး

၃။ထန်းရည်ချို၊ ထန်ရည်ခါး

၄။ မြူအိုးကြိုး၊ ထမ်းပိုး

၁။ (၂၆/၂၀) ၂။ (၂၇/၂၀) ၃။ (၂၈/၂၀) ၄။ (၂၉-၃၀/၃၀)

**ထမ်းပိုး** - န/ဒဘိုး/ မြူအိုးများကို ထမ်းလျှိုရန် ထန်းလက်သားဖြင့် ပြုလုပ်ထားသော အချောင်းအတံ။

**ထန်းရည်ချို** - န /ထရေဂျို/ အလင်မခံသော သဘာဝထန်းရည်။

**ထန်းရည်ခါး** - န /ထရေဂါး/ အလင်ခံသော ထန်းရည်။

**အလင်** - န /အလင်/ ထမင်းသို့မဟုတ် ဆန်ကို ကဖော်ဖောက်ထားသာ အရာ။*

## ၅။ ခြုံငုံသုံးသပ်ချက်

ဤစာတမ်းသည် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်မှ မြန်မာ့ထန်းတက်လုပ်ငန်းနှင့် ထန်းလုပ်ငန်းဆိုင်ရာ ဝေါဟာရများကို လေ့လာတင်ပြထားခြင်းဖြစ်ပါသည်။ ထိုသို့ တင်ပြရာတွင် ထန်းပင်၏ မျိုးရိုးဗီဇနှင့် နှစ်သက်သော ရာသီဥတုများ၊ ထန်းပင်ပေါက်ရောက်ပုံနှင့် ထန်းပင်၏ သက်တမ်းများ၊ ထန်းစိုက်ရာတွင် ထန်းဖို၊ ထန်းမ မခွဲခြားနိုင်ပုံများနှင့် ထန်းပင်အမျိုးအစား များကို တင်ပြထားသည်။

**တွေ့ရှိချက်**

မြန်မာအဘိဓာန်အတွင်းသို့ ဝင်ရောက်ခြင်း မရှိသေးသော လုပ်ငန်းသုံးဝေါဟာရများကို တွေ့ရှိရသည်။

---

* **မှတ်ချက်**။ ။ *အထက်ပါဖွင့်ဆိုချက်များသည် မိတ္ထီလာခရိုင် အုံတုံကျေးရွာများနေရွာနေ ဦးမောင်သန်း၊ လက်ပံအိုင်ကျေးရွာနေ ဦးအေး၊ ကြာကန်ကျေးရွာနေ ဦးဖိုးရှိန်၊ မြေခြားကျေးရွာနေ ဦးဗိုလ်ငွေး စသော ထန်းလုပ်သားတို့၏ ရှင်းလင်းချက်များကို စစ်တမ်းကောက် ဖွင့်ဆိုထားခြင်း ဖြစ်ပါသည်။*

(သာဓက - ညှပ်၊ ညှပ်ထုပ်၊ နှင်းလက်ချ၊ ထန်းဆော်လေ၊ထန်းငုတ်၊ ထန်းစစ်ဖတ်၊ ဝန်းပတ်ကြိုး) မိတ္ထီလာမြို့နယ်ရှိ ထန်းလုပ်ငန်းဆိုင်ရာ ဝေါဟာများသည် အခြားမြို့နယ်များနှင့်မတူဘဲ အခေါ်အဝေါ် ကွဲပြားကြောင်းကို တွေ့ရသည်။

(သာဓက - အခြားနယ်များတွင် ရင်းထောင်နှင့် ရင်းဆွဲကြားတွင် ရင်းပင် လေ့ခါးငယ် ရှိ သော်လည်း မိတ္ထီလာခရိုင်တွင် မတွေ့ရပေ။ ထန်းတက်ရာတွင် အသုံးပြုသော ဓားမှာ ၃ မျိုး ရှိကြောင်းကို တွေ့ရ သည်။ မိမိတို့ စိတ်ကူးဉာဏ် ရှိသည့်အတိုင်း မြန်မာမှုပြုကာ တီထွင်ဖန်တီးသုံးစွဲကြကြောင်း လေ့လာ တွေ့ရှိရသည်။) အဆိုပါဝေါဟာရများကို သုတေသနတွင် အနက်အဓိပ္ပာယ်ဖွင့်ဆိုတင်ပြထားသည်။

**သုတေသနအသုံးဝင်ပုံ**

ဤသုတေသနသည် တိမ်မြုပ်ပျောက်ကွယ်စပြုနေပြီဖြစ်သော မြန်မာ့ရိုးရာ ထန်းဓလေ့တို့ကို မှတ်တမ်းအဖြစ် အသုံးပြုနိုင် မည်ဖြစ်သည်။ ထို့ပြင် ထန်းလုပ်ငန်းနှင့် လုပ်ငန်းဆိုင်ရာ ဝေါဟာရတို့ကို လေ့လာနိုင်မည်ဖြစ်ပြီး ပညာရပ်ဆိုင်ရာ အဘိဓာန်တို့တွင် လုပ်ငန်းသုံး ဝေါဟာရများအဖြစ် ထည့်သွင်း ဖော်ပြနိုင် မည်ဖြစ်သည်။ အကယ်၍ ထန်းဓလေ့ကွယ်ပျောက်သွားပါကလည်း ပြန်လည်ဖော်ထုတ် နိုင်ရန် ဤစာတမ်းက အထောက်အကူ အဖြစ် အသုံးဝင်လိမ့်မည်ဟုလည်း ယုံကြည်ပါသည်။

**သုတေသနရလဒ်**

ဤသုတေသနတွင် ထန်းဖိုနှင့် ညှပ်ထန်းပြင်ဆင်လုပ်ကိုင်ပုံတွင် ထန်းဖိုပင်အကြောင်း၊ ထန်းဖိုပြင်ဆင် ရာ၌ လုပ်ကိုင်ဆောင်ရွက်ချက်များနှင့် လိုက်နာမှတ်သားရမည့် အချက်အလက်များ၊ ထန်းဖို ထန်းစ သည် နှ၍ ထန်းပြင်ရာတွင် သတိထား၍ ပြင်ဆင်ရပုံ၊ ထန်းဖိုကို နီးတုပ်နှင့် သိုးဟူ၍ ခွဲခြား ပြင်ကြပုံများ၊ ထန်းလှီးရာ၌ ရာသီဥတုနှင့် ထန်းစ၏မျက်နှာကိုကြည့်၍ ချင့်ချိန်ပြီး လှီးကြ ရပုံများ၊ ညှပ်ထန်း ပြင်ဆင်ရာ၌ လိုက်နာမှတ်သားဖွယ်ရာများ၊ ထန်းဖိုနှင့် ညှပ်ထန်းများ၌ ရာသီဥတုနှင့်ဓားလှီးခြင်း ကိုချင့်ချိန်ရန် လိုအပ်ချက်များ၊ ညှပ်တုပ်ပြီး သုံးရက် လေးရက်ကြာမှ ထန်းဖြတ်ရပုံများ၊ ညှပ်ထန်း လှီးရာ၌ ခက်ခဲပုံများ၊ ထန်းဖိုနှင့် ညှပ်ထန်း ရာသီများ၌ ထန်းလျက် တို့၏ တန်ဖိုး ကွာခြားချက်များကို တင်ပြထားသည်။

ယောင်ထန်းနှင့် ထန်းမထန်း ပြင်ဆင်လုပ်ကိုင်ပုံတွင် ထန်းမပင်၌ မျိုးနွယ်အမျိုးမျိုး ရှိပုံ၊ ထန်းမပင်ကို ယောင်နှင့်ထန်းမ ခွဲ၍တက်နိုင်ပုံ၊ ယောင်ထန်းကာလ၌ ထန်းမထန်းအတွက်ပါ ကြိုတင် ပြင်ဆင်ရပုံ၊ ထန်းထုခြင်း၌ အတတ်ပညာလိုအပ်ပုံ၊ ယောင်ဖြစ်စေ၊ ထန်းမဖြစ်စေ ထန်းဖြတ်ရာ၌ ရာသီဥတုကိုကြည့်၍ ဖြတ်သင့်ပုံ၊ ထန်းမရာသီသည် မိုးရာသီဖြစ်၍ ထန်းလျက် အကောင်းနည်းပုံ၊ ထန်းမထန်းလျက်သည် အခြားသောထန်းလျက်များလောက် အသုံးမဝင်ပုံ၊ လူကြိုက်မများပုံများကို တင်ပြထားသည်။ ထန်းဖို၊ ညှပ်၊ ယောင်၊ ထန်းမသာမက ကြားကာလတွင် ထန်းကို အတည်တက်နိုင်ပုံ၊ ထန်းရည်ခါးထည့်ပုံများကိုပါ တင်ပြထားပါသည်။ ဤသုတေသနသည် တိမ်မြုပ်ပျောက်ကွယ်စပြုနေပြီ ဖြစ်သော မြန်မာ့ရိုးရာထန်းဓလေ့တို့ကို မြန်မာ့ အမွေ အနှစ်တစ်ရပ်အဖြစ် မှတ်တမ်းတင်နိုင်သဖြင့် နိုင်ငံအကျိုးပြုသုတေသနဖြစ်သည်။ ထို့ပြင် ဘာသာရပ်ဆိုင်ရာတွင်လည်း ထန်းလုပ်ငန်းကဲ့သို့ အခြားသော လုပ်ငန်းဆိုင်ရာ ဝေါဟာရများနှင့် ပတ်သက်ပြီး သုတေသနပြု ဖော်ထုတ်လိုသူတို့အတွက် များစွာအကျိုးပြုပါသည်။ ပညာရပ်ဆိုင်ရာတွင် မိတ္ထီလာခရိုင်ရှိ ထန်းလုပ်ငန်းဝေါဟာရများကို

ဖော်ထုတ်လေ့လာထားသည့်အတွက် မြန်မာ့ လုပ်ငန်း သုံးဆိုင်ရာ အဘိဓာန်တွင် ဝေါဟာရအသစ်များ အဖြစ် ထည့်သွင်းအသုံးပြုနိုင်သည်။ ထို့ပြင် တစ်နယ်နှင့်တစ်နယ် နေရာဒေသအလိုက် ဝေါဟာရ အသုံးအနှုန်း ကွဲပြားမှုကိုလည်း တွေ့နိုင်သည်။

## ကျမ်းကိုးစာရင်း

**ကာတွန်းကြည်ဝင်း။ (၂၀၁၃)**။ ဒီဇင်ဘာ၊ *မြန်မာ့မြေမှ မြန်မာ့ထန်း*။ ပထမအကြိမ်၊ ကျော်လှ ပုံနှိပ်တိုက်၊ ရန်ကုန်။

**တင့်ဆွေ၊ ဦး။ (၁၉၇၇)**။ ဩဂုတ်လ။ *ပေါရာဏကထာ အဘိဓာန်*။ တတိယအကြိမ်၊ ဆန်းညွန့်ဦး ပုံနှိပ်တိုက်၊ ရန်ကုန်။

**ထွန်းမြင့်၊ ဦး။ (၁၉၆၈)။** ပါဠိသက် ဝေါဟာရအဘိဓာန်။ ရန်ကုန်၊ တက္ကသိုလ်များ ပုံနှိပ်တိုက်။

**နွေးထွေး၊ (ပုသိမ်ကြီး)။ (၂၀၁၈)**။ *ဘဝထိုထို ထန်းရိပ်ညို*၊ ပထမအကြိမ်၊ စာပေဗိမာန်၊ ရန်ကုန်။

**မဟာဇေယသင်္ခယာဘွဲ့ခံ လှေသင်းအတွင်းဝန်။ (၁၉၆၃)။** ဇူလိုင်လ၊ *ဝေါဟာရလီနတ္ထဒီပနီ*။ ဒုတိယအကြိမ်၊ ဟံသာဝတီပုံနှိပ်တိုက်၊ ရန်ကုန်။

**မောင်လင်းသူ (ညောင်ဦး)။ (၁၉၈၉)။** *ထန်းနှင့် ထန်းလုပ်ငန်းဆိုင်ရာသိကောင်းစရာ*။ ပထမ အကြိမ်၊ စာပေဗိမာန်၊ ရန်ကုန်။

**မြတ်ကျော်၊ ဦး။ (၂၀၀၆)။** *မြန်မာပေါရာဏ မိတ်လင်စုံ အဘိဓာန်*။ ပထမအကြိမ်၊ စာပေဗိမာန်၊ ရန်ကုန်။

**မြန်မာစာအဖွဲ့။ (၂၀၁၈)။ မတ်လ။** *မြန်မာအဘိဓာန်*၊ တတိယအကြိမ်၊ နေပြည်တော် ညွန်ကြားရေးမှူးချုပ်။

## နောက်ဆက်တွဲ (၁)

## ဝေါဟာရစာရင်း

| ထန်းသမားအသုံးအဆောင် ပစ္စည်းဆိုင်ရာဝေါဟာရများ | | ထန်းလုပ်ငန်းသုံးဆိုင်ရာ အခေါ်အဝေါ်ဝေါဟာရများ | | ထန်းလုပ်ငန်းသုံးဆိုင်ရာ အခေါ်အဝေါ်ဝေါဟာရများ | |
|---|---|---|---|---|---|
| ၁ | ကလိုင် | ၁ | ကုလားပတ်ချိတ် | ၂၆ | ထန်းလက်ချောင်း |
| ၂ | ကြိုးဖြေ | ၂ | ကျေးမြီး | ၂၇ | ထန်းလှူပ် |
| ၃ | ကွပ်ဖုံးဝါး | ၃ | ဆင်ခြေပေါ် | ၂၈ | ထန်းအုံ |
| ၄ | ချွန်းချိတ် | ၄ | ညှပ်ငုတ် | ၂၉ | ပင်ထွက် |
| ၅ | ဆောက်ခေါက် | ၅ | ညှပ်တုပ် | ၃၀ | ပလ္လင်ခံ |
| ၆ | ဆိုင်းကြိုး | ၆ | ညှပ်ဖြတ် | ၃၁ | ယောင် |
| ၇ | ညှပ်၊ ညှပ်ငုတ် | ၇ | ညှပ်ထန်း | ၃၂ | ယောင်ထန်း |
| ၈ | တောက်တဲ့ခေါင်း | ၈ | ထန်းစစ်ဖတ် | ၃၃ | ရည်ရ |
| ၉ | ထန်းကိုင်ခါး | ၉ | ထန်းဆော်လေ | ၃၄ | လက်မြွှာ် |
| ၁၀ | ထန်းငုတ် | ၁၀ | ထန်းထု | ၃၅ | သမီးလှ |
| ၁၁ | ထန်းဖိုငုတ် | ၁၁ | ထန်းနို့ | ၃၆ | သီးလုံးကွက် |
| ၁၂ | ထန်းလှီးခါး | ၁၂ | ထန်းနို့ချောင်း | ၃၇ | သီးလုံးခြွေ |
| ၁၃ | ထမ်းပိုး | ၁၃ | ထန်းနို့ငုတ် | ၃၈ | ယောင်ထု |
| ၁၄ | ထုံးအိုး | ၁၄ | ထန်းဖူးနှီး | ၃၉ | ယောင်ဖြတ် |
| ၁၅ | ခါးချွန်း | ၁၅ | ထန်းဖို | ၄၀ | အခါ |
| ၁၆ | ခါးစူး(ခါးပွင့်) | ၁၆ | ထန်းဖိုငုတ် | ၄၁ | အတည် |
| ၁၇ | နင်းလက်ချ | ၁၇ | ထန်းဖိုဖြတ် | ၄၂ | အလင် |
| ၁၈ | မြူအိုး | ၁၈ | ထန်းဖိုနှီးတုပ် | | |
| ၁၉ | မြူအိုးကြိုး | ၁၉ | ထန်းဖိုသိုး | | |
| ၂၀ | ရင်းဆွဲ | ၂၀ | ထန်းမထန်း | | |
| ၂၁ | ရင်းဆွဲဝန်းပတ်ကြိုး | ၂၁ | ထန်းမထန်းပြင် | | |
| ၂၂ | ရင်းထောင် | ၂၂ | ထန်းမလှူပ် | | |
| ၂၃ | ရင်းထောင်ဝန်းပတ်ကြိုး | ၂၃ | ထန်းရစ် | | |
| ၂၄ | ဝန်းပတ်ကြိုး | ၂၄ | ထန်းရည်ချို | | |
| ၂၅ | ဦးထုပ်ကြိုး | ၂၅ | ထန်းရည်ခါး | | |

## နောက်ဆက်တွဲ (၂)




**တွေ့ဆုံဆွေးနွေး စစ်တမ်းကောက်ယူခဲ့သူများ၏ အမည်နှင့် ဇာတိမှတ်တမ်း**

| စဉ် | အမည် | အသက် | ကျေးရွာ | | စဉ် | အမည် | အသက် | ကျေးရွာ |
|---|---|---|---|---|---|---|---|---|
| ၁။ | ဒေါ်အုံးကြင် | ၉၉ နှစ် | ရွာတန်းရှည် | | ၁၀။ | ဦးမောင်သန်း | ၆၀ နှစ် | အုံတုံ |
| ၂။ | ဦးစိုးမြင့် | ၆၅ နှစ် | ရွာတန်းရှည် | | ၁၁။ | ဦးသောင်း | ၆၅ နှစ် | မကျီးတန်း |
| ၃။ | ဦးဝင်းဦး | ၆၀ နှစ် | မကျီးကုန်း | | ၁၂။ | ဒေါ်တင်လှိုင် | ၇၀ နှစ် | ညောင်ကုန်း |
| ၄။ | ဦးမောင်ကို | ၆၈ နှစ် | ဝွေ့အိုင် | | ၁၃။ | ဦးကျော်ဝင်း | ၆၅ နှစ် | တမာပင် |
| ၅။ | ဦးဗိုလ်ငွေး | ၄၈ နှစ် | မြေခြား | | ၁၄။ | ဦးကြာငွေး | ၆၀ နှစ် | တပျော် |
| ၆။ | ဦးကြက်တော | ၇၀ နှစ် | ပေပင်ကုန်း | | ၁၅။ | ဦးသန်း | ၅၂ နှစ် | မယ်ဇလီကုန်း |
| ၇။ | ဦးကံကောင်း | ၆၅ နှစ် | ကင်ပွန်းခြံ | | ၁၆။ | ဦးသိန်း | ၆၇ နှစ် | မြင်းခြံရွာသစ် |
| ၈။ | ဦးအေး | ၅၆ နှစ် | လက်ပံအိုင် | | ၁၇။ | ဒေါ်ကြည် | ၇၀ နှစ် | ရွာတန်းရှည် |
| ၉။ | ဦးဖိုးရှိန် | ၇၀ နှစ် | ကြာကန် | | ၁၈။ | ဦးညိမ်းဆောင် | ၄၂ နှစ် | ရွာတန်းရှည် |

**ကွင်းဆင်းခဲ့သော မိတ္ထီလာခရိုင်အတွင်းရှိ ကျေးရွာများ**

| | | | |
|---|---|---|---|
| ရွာတန်းရှည် | တမာပင်ကုန်း | မယ်ဇလီကုန်း | မြင်းခြံရွာသစ် |
| မကျီးတန်း | ညောင်ကုန်း | ကြာကန် | လက်ပံအိုင် |
| ကင်ပွန်းခြံ | မကျီးကုန်း | ဝွေ့အိုင် | ပေပင်ကုန်း |